# အမေရိကန်နိုင်ငံက ပြန်လည်ပေးအပ်သော အကောက်ခွန်သက်သာခွင့်ဆိုင်ရာ GSP အစီအစဉ်အရ GSP Form-A များကို လျှောက်ထားနိုင်ပြီ ဖြစ်ကြောင်း အသိပေးကြေညာခြင်း

မြန်မာနိုင်ငံသည် အမေရိကန်နိုင်ငံက တစ်ဖက်သတ်ပေးအပ်သော GSP အခွင့်အရေးကို ခံစားခွင့်ရှိသည့် ဖွံ့ဖြိုးမှု အနည်းဆုံးနိုင်ငံ (Least Developed Beneficiary Developing Country) အဖြစ် ၂၀၁၆ခုနှစ်၊ နိုဝင်ဘာလ (၁၃) ရက်နေ့မှ စတင်ကာ ပြန်လည်ခံစားခွင့်ရရှိခဲ့ပါသည်။ အမေရိကန် GSP အစီအစဉ်အရ သတ်မှတ်ပြဋ္ဌာန်းထားသော ပင်ရင်းနိုင်ငံစည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများနှင့် ကုန်စည်စာရင်းများကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန Website ဖြစ်သော [www.commerce.gov.mm](http://www.commerce.gov.mm) တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။ အစီအစဉ်တွင် အကျုံးဝင်သော ကုန်စည်များကို အမေရိကန်နိုင်ငံသို့တင်ပို့ပါက GSP Form-A များကို ကုန်သွယ်ရေးဦးစီးဌာနတွင် (၁၃-၁၁-၂၀၁၆) ရက်နေ့မှ စတင်ကာ လျှောက်ထားနိုင်ပြီ ဖြစ်ကြောင်းနှင့် ပို့ကုန်တင်ပို့သူများ အနေဖြင့် ရရှိလာသော အခွင့်အရေးကို အကျိုးရှိစွာအသုံးချ၍ အမေရိကန်နိုင်ငံသို့ ပို့ကုန်များ ပိုမိုတိုးမြှင့်တင်ပို့နိုင်ပါရန် အသိပေးကြေညာအပ်ပါသည်။

**ကုန်သွယ်ရေးဦးစီးဌာန**